## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၀၅၇ ) ရက်စွဲ။ ၂၀၂၄ခုနှစ်၊နိုဝင်ဘာလ ၇ ရက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးမျိုးလင်း(Director) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | New Golden Gate (1991) CO.,Ltd. အမှတ်(၅၇/၅၉)၊ (၄)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၅၁၃၇၇၇၄ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ပဲအမျိုးမျိုးနှင့် နှမ်းအမျိုးမျိုး သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်း လုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | ၁.၀၀၀၁ ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဦးရေပေါလမ်း၊ စက်မှုဇုန်(၂)၊ အမှတ်(၄၉) |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၂၉-၇-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၂၈-၇-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | New Golden Gate (1991) CO.,Ltd. ၏ ၅-၂-၂၀၂၄ ရက်စွဲဖြင့် တင်ပြသည့်**"ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE)"** |



ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့် နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

## New Golden Gate (1991) Co.,Ltd မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပဲအမျိုးမျိုးနှင့် နှမ်းအမျိုးမျိုးသန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ New Golden Gate (1991) Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၂)၊ ဦးရေပေါလမ်း၊ အမှတ် (၄၉)၊ မြေဧရိယာ (၁.၀၀၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပဲအမျိုးမျိုးနှင့် နှမ်းအမျိုးမျိုးသန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၅-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/ EIA / ဖ (၄၂၅/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်း Green Myanmar Environmental Services Company Limited (GMES) မှရေးသားပြုစုသော အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးမျိုးလင်း (Director)၊ New Golden Gate (1991) Co.,Ltd၊ အမှတ် (၄၉)၊ ဦးရေပေါလမ်း၊ စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၉- ၅၁၃၇၇၇၄ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းလုပ်ငန်း၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ကုန်ကြမ်းလက်ခံခြင်း၊ ကုန်ကြမ်းသိုလှောင်ခြင်း၊ မှိုင်းတိုက်ခြင်း၊ Pre – Cleaning လုပ်ခြင်း၊ ကျောက်ခဲများဖယ်ခြင်း၊ အရွယ်အစားခွဲခြားခြင်း၊ သံလိုက်ဖြင့် သံစများ ခွဲခြားခြင်း၊ အရောင်ခွဲခြားခြင်း၊ အရည်အသွေးစမ်းသပ်စစ်ဆေးခြင်း၊ အလေးချိန်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ကုန်ချောထွက်ရှိခြင်းတို့ပါဝင်ပါသည်။ ရရှိလာသော ကုန်ချောများကို ဥရောပ၊ အမေရိကန်၊ ဟောင်ကောင်၊ ဂျပန်၊ ကိုရီးယားစသည့် ပြည်ပနိုင်ငံများသို့ တင်ပို့မည်ဖြစ်ကြောင်း၊ အရည်အသွေးမပြည့်မီသောပဲများနှင့် ပဲအကျိုးအကြေများကို တိရစ္ဆာန်အစာ အဖြစ်လည်းကောင်း၊ ပဲအမှုန့်များကို မြေသြဇာအဖြစ် ပြည်တွင်း၌ ရောင်းချမည်ဖြစ်ကြောင်းစသည်တို့ဖြစ်ပါသည်။ စက်ရုံ၏တစ်ရက်လျှင် ကုန်ထုတ်ပမာဏမှာ တန်ချိန် (၁၅၀) ကျော်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** လုပ်ငန်းလည်ပတ်ရာတွင် အသုံးပြုသည့် (ပဲစေ့နှင့်နှမ်းစေ့) များကိုအား ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ရှမ်းပြည်နယ် စသည့်ဒေသအသီးသီးမှ ဝယ်ယူရရှိပါသည်။ရေသုံးစွဲမှုအနေဖြင့် စက်ရုံသည် ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ရေအသုံးပြုခြင်း မရှိဘဲ ဝန်ထမ်းများအတွက်သာ အသုံးပြုမည်ဖြစ်ကြောင်း၊ အနက် ပေ (၁၀၀) နှင့် အနက် ပေ (၁၂၀) ရှိ အဝီစိတွင်းထဲမှ ရရှိသည့် ရေကို ၂ လက်မ ပိုက်ဖြင့် ရယူအသုံးပြုလျက်ရှိပြီး ဝန်ထမ်းများအတွက် နေ့စဉ်သောက်ရေအား တစ်ပတ်လျှင် (၂၀ လီတာဘူး) (၂၅ မှ ၃၀) ဘူးအထိ

လိုအပ်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားအသုံးပြုမှုအနေဖြင့် မဟာဓာတ်အားလိုင်းကို 315 KVA transformer (၁) လုံးဖြင့် ချိတ်ဆက်အသုံးပြုပြီး တစ်လလျှင် (၁၅၀၀၀ - ၁၇၀၀၀) ကီလိုဝပ်အထိ အသုံးပြုမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား မရရှိသည့်အချိန်တွင် (မြင်းကောင်ရေ ၂၅ နှင့် ၂၀၀) ရှိသော ဂျင်နရေတာ (၂) လုံးကို အသုံးပြုမည်ဖြစ်ကြောင်း၊ ဒီဇယ်လောင်စာဆီကို အသုံးပြုပြီး တစ်လလျှင် (၆၀) ဂါလန်ခန့် အသုံးပြုမည်ဖြစ်ကြောင်းနှင့်အသုံးမည့်စက်ပစ္စည်းများမှာ အောက်ပါဇယားအတိုင်း ဖော်ပြထားပါသည်-

| No. | List of items | Unit | Quantity |
|---|---|---|---|
| 1 | Transformer (315 KVA) | No. | 1 |
| 2 | Color sorter | Unit | 2 |
| 3 | Gravity selector | Unit | 2 |
| 4 | Magnet destoner | Unit | 1 |
| 5 | Air compressor | Unit | 2 |
| 6 | Double separator classifier | Unit | 1 |
| 7 | Dust collector | Unit | 1 |
| 8 | Elevator | Unit | 25 |
| 9 | Size separator | Unit | 3 |
| 10 | Air lock | Unit | 2 |
| 11 | Polisher | Set | 2 |
| 12 | Packing machine | Set | 1 |
| 13 | Mill installation | Set | 1 |
| 14 | Contral total | Set | 3 |
| 15 | Generator (25 hp and 200 hp) | Set | 2 |


၅။ **စီမံကိန်းတည်နေရာ။** အမှတ် (၄၉)၊ ဦးရေပေါလမ်း၊ စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

**New Golden Gate (1991) Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၂)၊ ဦးရေပေါလမ်း၊ အမှတ် (၄၉)၊ မြေဧရိယာ (၁.၀၀၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပဲအမျိုးမျိုးနှင့် နှမ်းအမျိုးမျိုးသန့်စင် ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**





| | | |
|---|---|---|
| Point 1 | North Latitude: | 16°50'58.58" |
| | East Longitude: | 96° 4'15.98" |
| Point 2 | North Latitude: | 16°50'56.78" |
| | East Longitude: | 96° 4'15.01 |
| Point 3 | North Latitude: | 16°50'57.57" |
| | East Longitude: | 96° 4'12.86" |
| Point 4 | North Latitude: | 16°50'59.38" |
| | East Longitude: | 96° 4'13.88" |

**New Golden Gate (1991) Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၂)၊ ဦးရေပေါလမ်း၊ အမှတ် (၄၉)၊ မြေဧရိယာ (၁.၀၀၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပဲအမျိုးမျိုးနှင့် နှမ်းအမျိုးမျိုးသန့်စင် ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan**



**New Golden Gate (1991) Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန် (၂)၊ ဦးရေပေါလမ်း၊ အမှတ် (၄၉)၊ မြေဧရိယာ (၁.၀၀၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပဲအမျိုးမျိုးနှင့် နှမ်းအမျိုးမျိုးသန့်စင် ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်း၏ ထုတ်လုပ်မှုအဆင့်ဆင့်ပြပုံ**



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၅-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/ EIA / ၆ (၄၂၅/၂၀၂၄) ဖြင့် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းအား ဆောင်ရွက်ရာတွင် ကုန်ကြမ်းလက်ခံခြင်း၊ ကုန်ကြမ်းသိုလှောင်ခြင်း၊ မှိုင်းတိုက်ခြင်း၊ Pre – Cleaning လုပ်ခြင်း၊ ကျောက်ခဲများဖယ်ခြင်း၊ အရွယ်အစားခွဲခြားခြင်း၊ သံလိုက်ဖြင့် သံစများ ခွဲခြားခြင်း၊ အရောင်ခွဲခြားခြင်း၊ အရည်အသွေး စမ်းသပ်စစ်ဆေးခြင်း၊ အလေးချိန်ခြင်း၊ ထုတ်ပိုးခြင်း၊ ကုန်ချောထွက်ခြင်းတို့ပါဝင်ပါသည်။ ရရှိလာသော ကုန်ချောများကို ဥရောပ၊ အမေရိကန်၊ ဟောင်ကောင်၊ ဂျပန်၊ ကိုရီးယားစသည့် ပြည်ပနိုင်ငံများသို့ တင်ပို့မည်ဖြစ်ကြောင်း၊ အရည်အသွေးမပြည့်မီသောပဲများနှင့် ပဲအကျိုးအကြေများကို တိရစ္ဆာန်အစာအဖြစ်လည်းကောင်း၊ ပဲအမှုန်များကို မြေဩဇာအဖြစ် ပြည်တွင်း၌ရောင်းချမည်ဖြစ်ကြောင်းစသည်တို့ဖြစ်ပါသည်။ စက်ရုံ၏တစ်နေ့လျှင် ကုန်ထုတ်ပမာဏမှာ တန်ချိန် (၁၅၀) ကျော်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပစ္စည်းများအားသယ်ယူခြင်းမပြုမီ ဖုန်မထစေရန်အတွက် ရေဖျန်းခြင်းဆောင်ရွက်ရန်၊

(၂) စက်ရုံအတွင်း လေဝင်လေထွက်စနစ် ကောင်းမွန်အောင် ဆောင်ရွက်ရန်၊

(၃) ထုတ်လုပ်မှုဧရိယာအတွင်းမှ ဝန်ထမ်းများကို နှာခေါင်းစည်းများ အသုံးပြုရန်၊

(၄) အနံ့ဆိုးများထွက်ရှိခြင်းကို လျှော့ချနိုင်ရေးအတွက် အိမ်သာနှင့်မိလ္လာစနစ်များအား ပုံမှန် သန့်ရှင်းရေး ပြုလုပ်ရန်၊

(၅) ကုန်ထုတ်လုပ်မှုဧရိယာတစ်ဝိုက်တွင် Dust Collector System တပ်ဆင်ရန်၊

(၆) လေထုအရည်အသွေး ကောင်းမွန်စေရေးအတွက် သစ်ပင်များ စိုက်ပျိုးရန်၊

(၇) Dust collector system ကို ပုံမှန်စစ်ဆေးရန်၊

(၈) မော်တော်ယာဉ်အားလုံးရပ်နားထားချိန်နှင့် လုပ်ငန်းမဆောင်ရွက်သည့်အချိန်တို့တွင် အင်ဂျင်ရပ်နားထားပြီး အင်ဂျင်အပါအဝင်အခြားစက်ပစ္စည်းများအား ပုံမှန်စစ်ဆေးခြင်း၊ ကောင်းမွန်စွာ ထိန်းသိမ်းထားသည့် အရည်အသွေးမြင့် လောင်စာဆီများ အသုံးပြုခြင်းတို့ ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမျိုးသားအဆင့် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်စံနှုန်းများကို လိုက်နာရန်၊

(၂) စက်သုံးဆီ၊ ချောဆီများ ယိုဖိတ်မှုမရှိစေရန် ပုံမှန်စစ်ဆေးမှုများ ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ရန်၊

(၃) ကုန်ကြမ်း/ကုန်ချောများ သယ်ဆောင်ရာတွင် ကွန်တိန်နာယာဉ် မဟုတ်ပါက အဖုံးအုပ် သယ်ဆောင်ရန်၊

(၄) ရေအသုံးပြုမှုလျှော့ချနိုင်ရန်နှင့် စွန့်ပစ်ရေထွက်ရှိမှု နည်းစေရန်အတွက် စိမ်းလန်းစိုပြေရေးဧရိယာတွင် စိုက်ပျိုးထားသောအပင်များနှင့် မြက်ခင်းပြင်ကိုရေဖျန်းစနစ် အသုံးပြုရန်။

(င) **ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲခြင်း။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကြိတ်ခွဲစက်များ၊ လေအေးပေးစနစ်များ၊ တုန်ခါမှုဖြစ်စေသော စက်ပစ္စည်းများ စသည်တို့ကို ပုံမှန် ထိန်းသိမ်းပြုပြင်ရန်၊

(၂) ဆူညံသံများသောနေရာများတွင် အလုပ်လုပ်သော ဝန်ထမ်းများအတွက် နားကြပ်များထောက်ပံ့ပေးခြင်းနှင့် အလှည့်ကျတာဝန် ထမ်းဆောင်သည့်စနစ် ပြုလုပ်ရန်၊

(၃) ထုတ်လုပ်မှုဧရိယာအတွင်းမှ ဝန်ထမ်းများအား နားစည်ထိခိုက်မှုကို အကာအကွယ်ပေးနိုင်သော နားကြပ်များ ထောက်ပံ့ပေးရန်၊

(၄) စက်ပစ္စည်းများ အသုံးပြုရာမှ ထွက်ပေါ်လာသည့် အသံဆူညံမှုများနှင့် တုန်ခါမှုများအတွက် သင့်လျော်သည့် တုန်ခါမှုထိန်းချုပ်သည့် စနစ်ထားရန်၊

(၅) ယာဉ်များကို အသုံးမပြုလျှင် စက်ရပ်ထားရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းများကို သတ်မှတ်နေရာတွင် စနစ်တကျ စွန့်ပစ်ရန်၊

(၂) စွန့်ပစ်ပစ္စည်းများကို စက်ရုံဧရိယာအတွင်းနှင့် ရေထဲသို့ စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ရန်၊

(၃) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရန်၊

(၄) ပြန်လည်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုရန်။

(ဆ) **စွန့်ပစ်အရည် (ရေဆိုး) စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း Oiltraps, မိလ္လာကန်များနှင့် သို့လှောင်မှု စွန့်ပစ်ဧရိယာများ အတွင်း ပုံမှန်စစ်ဆေးခြင်းနှင့် ပုံမှန်သန့်ရှင်းရေးခြင်းများ ဆောင်ရွက်ရန်၊

(၂) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၏ သတ်မှတ်ထားသောလမ်းညွှန်တန်ဖိုးများ နှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(ဇ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရှေးဦးသူနာပြုစုနည်းသင်တန်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေးသင်တန်းများကို အရေးပေါ်အခြေအနေအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအတွက် ကာကွယ်ရေးပစ္စည်းများ၊ ဆေးပစ္စည်းများ စသည်တို့ အပါအဝင် လိုအပ်သော အရေးပေါ်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးရန်၊

(၃) တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPE) များဖြစ်သည့် နားကြပ်၊ မျက်မှန်၊ ဦးထုပ်၊ လက်အိတ်များကို ဌာနတစ်ခုချင်းအလိုက် ထောက်ပံ့ပေးရန်၊

(၄) ဝန်ထမ်းများ၏ ကျန်းမာရေးဆေးစစ်ဆေးခြင်းနှင့် ဆေးဝါးများကိုပံ့ပိုးပေးရန်၊

(၅) ဒေသခံများအားရှေးဦးသူနာပြုစုနည်းနှင့် ဆေးဝါးများ ထောက်ပံ့ပေးရန်၊

(၆) လျှပ်စစ်အန္တရာယ်မှကာကွယ်ရန် လျှပ်စစ်ညွှန်ကြားချက်များကို လိုက်နာစေရေး ဆောင်ရွက်ရန်၊

(၇) ခြင်ပေါက်ပွားမှု မရှိစေရေးအတွက် Thermal forging ပုံမှန် ပြုလုပ်ရန်၊

(၈) ငလျင်ကဲ့သို့ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ဝန်ထမ်းများအား ဆောင်ရွက်ရမည့် အစီအမံများကို လေ့ကျင့်သင်ကြားပေးရန်၊

(၉) အရေးပေါ်အခြေအနေဖြစ်သော မီးဘေး၊ ငလျင်လှုပ်ခြင်း၊ ရေကြီး ရေလျှံမှုတို့နှင့် ပတ်သက်၍ စက်ရုံတွင် စီမံခန့်ခွဲမှုထားရန်။

(ဈ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လျှပ်စစ်မီးဘေးအချက်ပေးသံနှင့် Beam Detector စနစ်ကိုတပ်ဆင်ရန်၊

(၂) မီးသတ်ရေပိုက်များကို သင့်လျော်သော နေရာများတွင် ထားရန်၊

(၃) စက်ရုံနေရာ အနှံ့အပြားတွင် မီးသတ်ဆေးဘူးများကို လုံလောက်စွာ ထားရန်၊

(၄) ဝန်ထမ်းများကို မီးသတ်လေ့ကျင့်ခြင်းများ ပြုလုပ်ပေးခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြုပုံများကို သင်တန်းပေးရန်၊

(၅) အရေးပေါ် ထွက်ပေါက်လမ်းကြောင်းများကို ပိတ်ပင်တားဆီးမှုများ မရှိအောင် ဆောင်ရွက်ရန်၊

(၆) လျှပ်စစ်ဝါယာကြိုးများကို အပတ်စဉ် စစ်ဆေးရန်၊

(၇) ဝန်ထမ်းများ ဆေးလိပ်သောက်ရန်နေရာကို သီးသန့်ထားရန်။

(ည) **လုပ်ငန်းလည်ပတ်ခြင်းအဆင့်တွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးအားကိုဩဒိနိတ်အမှတ် 16°50'58.40''N ၊ 96°4'14.13''E တွင် $SO_2$, $NO_2$, $CO_2$, $PM_{2.5}$, $PM_{10}$ စသည့် Parameter များဖြင့် (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာရန်၊ ဆူညံသံအား ကိုဩဒိနိတ်အမှတ် 16°50'57.87''N၊ 96°4'15.35''E တွင် တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာရန်၊

(၂) ရေအရည်အသွေးအား တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာရန်၊

(၃) မြေထုအရည်အသွေးနှင့်ပတ်သက်၍တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာရန်၊

(၄) စက်ရုံမှထွက်ရှိမည့် စွန့်ပစ်အစိုင်အခဲများကို အပတ်စဉ် စွန့်ပစ်ဆောင်ရွက်ရန်၊

(၅) မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် စက်ရုံတွင် မီးငြိမ်းသတ်ရေး ကိရိယာများကို လစဉ် စောင့်ကြည့်စစ်ဆေးရန်၊

(၆) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စက်ရုံဝန်း တစ်ခုလုံးတွင် အပတ်စဉ် စောင့်ကြည့်စစ်ဆေးရန်။

(ဋ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်အား (၂၅-၅-၂၀၂၃) ရက်နေ့တွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ ကနောင်ခန်းမ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးတွင် အစိုးရအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ စက်ရုံမှတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ဖိတ်ခေါ်၍ လူထုညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါသည်။ လူမှုရေးဆိုင်ရာ တာဝန်သိ လုပ်ငန်းများ (CSR) အတွက် နှစ်စဉ်အမြတ်ငွေ၏ (၂) ရာခိုင်နှုန်းအား ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ အပေါ် ကူညီပံ့ပိုးမှုများအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် သုံးစွဲရန်မလုံလောက်ပါက ဖြည့်စွက်ရန် စီစဉ်ထားကြောင်း ဖော်ပြထားပါသည်။

(ဌ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်တို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဍ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်နေစဉ်ကာလတွင် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များ အတွက် ရန်ပုံငွေကျပ် (၁၃,၅၀၀,၀၀၀) ကို လျာထား သုံးစွဲရန်၊

(၂) လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေကျပ် (၈,၃၀၀,၀၀၀) ကို လျာထား သုံးစွဲရန်၊

(၃) လူမှုတာဝန်သိအစီအစဉ် (CSR Activities) နှင့် စပ်လျဉ်း၍ နှစ်စဉ် အသားတင် အမြတ်ငွေ ၂% ကို သုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါစည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈ - ၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်စီးခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေးဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှု တို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများစီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော

စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်မည် လိုက်နာဆောင်ရွက်ရန်၊

(၄) လေအရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) အပူပေး၍ ကော်ရည်ကျိုခြင်းမှ ကော်ညှော်နံ့များ ထွက်ရှိနိုင်သည့်အတွက် ကော်ညှော်အနံ့ထွက်ရှိမှုနှင့် စပ်လျဉ်း၍ အထူးအလေးထားရမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) စီမံကိန်းလုပ်ငန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စွန့်ပစ်အစိုင်အခဲများ သယ်ယူအသုံးပြုမှု၊ သိုလှောင်မှု၊ စွန့်ပစ်မှုများကြောင့် လုပ်ငန်းခွင်နှင့် အနီးဝန်းကျင်အပေါ် ညစ်ညမ်းမှုမရှိစေရေး စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် Domestic

Wastewater များအား စနစ်တကျသန့်စင်၍ NEQEG Guideline အထွေထွေ လမ်းညွှန်ချက်များ အပိုဒ် (၁.၂) အတွင်းရှိစေပြီး ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု မရှိစေရေး စနစ်တကျ သန့်စင်ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့်စွန့်ပစ်ရေ စွန့်ပစ်မှု များနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းနှင့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရမည်။

(ဃ) **လေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အလုပ်သမားများအတွက် လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ Indoor Air Quality Monitoring Device တပ်ဆင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပလတ်စတစ်ကော်ရည်ကျိုသည့်နေရာတွင် အနံ့ဆိုးထွက်ရှိမှုအား လျှော့ချနိုင်ရန် သင့်လျော်သည့် အနံ့ဆိုးလျှော့ချနိုင်သည့်စက် တပ်ဆင်ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ Air Condition နှင့် အခြား Gas အသုံးပြုသည့်ပစ္စည်းများအတွက် Gas အသုံးပြုရာတွင် ပတ်ဝန်းကျင်၊ ရာသီဥတုနှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှု နည်းသော Gas အမျိုးအစားအား အသုံးပြုဆောင်ရွက်ရမည်။

(င) **ရေသုံးစွဲမှု စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ရေအရင်းအမြစ် အသုံး ပြုမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စည်းကမ်းချက်၊ ညွှန်ကြားချက်များ အား လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် Wastewater များအား စနစ်တကျ သန့်စင်၍ Guideline အတွင်းရှိစေပြီး ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိစေရေး ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့် စွန့်ပစ်ရေစွန့်ပစ်မှုများနှင့် ပတ်သက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရမည်၊

(စ) **ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကုန်ကြမ်း ပစ္စည်းများ ရယူမှုနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများမှ တင်သွင်းရာတွင် ပြည်တွင်း ပြဋ္ဌာန်းဥပဒေများနှင့် နိုင်ငံတကာ သဘောတူညီချက်များနှင့်အညီ လိုက်နာတင်သွင်း ရမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းအတွက် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် ဓာတု ပစ္စည်းများ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှု၊ ကိုင်တွယ်အသုံးပြုမှုနှင့် စွန့်ပစ်မှုတို့ ဆောင်ရွက်ရာတွင် Material Safety Data Sheet ပါ စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာဌာန စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက် များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊ သန့်စင်ပြီး အသင့်အသုံးပြု၍ရသော Polypropylene အမျိုးအစား ပလတ်စတစ်ဖြတ်စ ပြည်ပမှတင်သွင်းမှုအတွက် သက်ဆိုင်ရာ ဆက်စပ်ဌာန၊ လုပ်ငန်းများမှ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်

ဖြင့် တင်သွင်းခွင့်ပြုသည့် အမျိုးအစား၊ ပမာဏ၊ နှစ်ကာလအပိုင်းအခြားများ နှင့်အညီ အတိအကျ လိုက်နာဆောင်ရွက်ရမည်။

(ဇ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(ဈ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ည) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း

သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရမည်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(၃) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာစည်းကမ်း သတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ် /မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(၄) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ် များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့ အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုး နိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက် များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာ ရမည်။

(ဎ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက် ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ် သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများ အပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေ များ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်း များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်း နှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့်သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ်

ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ တစ်ဖက်ပါအချက် တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်း တစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---